(၁)

ကျွန်မသူငယ်ချင်းက သူ၏ယောကျ်ားလေးသူငယ်ချင်းဟောင်းထံမှ ရရှိခဲ့သောစာကို ကျွန်မအားပြသည်။ စာက ဤသို့ဖြစ်သည်။ "မင်းနဲ့အတူနေရဖို့အတွက် မုန်တိုင်းကိုလည်း ငါအနိုင်ယူမည်။ ရေလှိုင်းကိုလည်း ငါကျော်ဖြတ်မယ်။ မင်းကိုငါ ချစ်နေတာ ဘယ်ဒုက္ခမှ မတားဆီးနိုင်ဘူး။ ကမ္ဘာပေါ်မှာရှိတဲ့ရွှေတွေအားလုံး ပုံပေးတောင် မင်းကို ငါဘယ်တော့မှ မမေ့ဘူး" ထိုနောက်တွင် စာကြွင်းကို ဤသို့ရေးထား လေသည်။ "တနင်္ဂနွေနေ့ မိုးမရွာရင် မင်းအိမ်ကိုငါလာခဲ့မယ်"

(၂)

၁၉၉၇ ခု-ဩဂုတ်လတွင် သာယာသော ပြင်သစ်ဆိပ်ကမ်းကလေးတစ်ခုစီသို့ ကျွန်တော်တို့ အလည် အပတ်သွားကြပြီး၊ ကျောက်တုံးအဆောက်အဦးဟောင်း တခုထဲတွင်ရှိသော စားသောက်ဆိုင်ထဲတွင် နေ့လည်စာစားကြသည်။ စားသောက်ဆိုင် သန့်စင်ခန်း၏ နံရံပေါ်တွင် သံချောင်းနှစ်ချောင်းရှိသည်။ ပထမသံချောင်း၏ အောက်တွင် ဤသို့စာရေးထားသည်။ "၁၉၉၇ ခုနှစ်၊ ဂျူလိုင်လ၊ (၂၇)ရက်နေ့တွင် ပန်းချီကားအခိုးခံရသည်။" ဒုတိယသံချောင်း၏အောက်တွင် ဤသို့ရေးထားသည်။ "ပန်းချီကား အခိုးမခံရခင်ဖြုတ်သိမ်းထားသည်။"

(၃)

သူရဲကောင်းနှင့် သူ့လူများက တနေ့တာ ပင်ပန်းစွာတိုက်ခိုက်ပြီးနောက် သူတို့၏ရဲတိုက်ဆီသို့ ပြန်လာကြသည်။ "ငါတို့အခြေအနေ ဘယ်လိုရှိသလဲ" ဘုရင်ကမေးသည်။

"ဆရာ" သူရဲကောင်းက တုန့်ပြန်ပြောသည်။ "ဆရာ့အတွက် ကျွန်တော်တနေ့လုံး လုယက်တိုက်ခိုက်ခဲ့ပြီး၊ အနောက်ဘက်က ဆရာ့ရန်သူတွေရဲ့မြို့ကို မီးရှို့လိုက်ပြီ။"